အတွဲ ၄
အမှတ် ၅

# စိန်ကြီး

စီစဉ်သော

# ရွှေရုပ်လွှာ

စာစော

တစောင် တကျပ်

ပုံနှိပ်သူ ။ ဦးမြင့်ကျော်၊ (၀၅၅၅၅-မြ)
ပေါ်လုပ်ငန်း ပုံနှိပ်တိုက်၊ ...
ရေကျော် ဝတ်ကျောင်းကမ်း ...
ထုတ်ဝေသူ ။ ဦးစိန်ကြီး (ကာတွန်း) ၁၇၂၃ ...
၁၁၉၊ ၃၇-လမ်းရန်ကုန်မြို့ ...
ဖြန့်ချိသူ ။ (ရွှေရုပ်လွှာ စာစောင်တိုက်)
...
၁၉၇၂ ...



၄ ကာတွန်း စိန်ကြီး စီစဉ်သော

ခ၄ ရွှေရုပ်လွှာ

စာစောင်

- အတွဲ -၃
- အမှတ်-၅

တစောင်-တကျပ်

၁၉၇၂-ဂျွန်လ ထုတ်

ရွှေရုပ်လွှာစာစောင်တိုက်၊ ၉၇-ရွှေတိဂုံဘုရားလမ်း၊
ရန်ကုန်

(ဖုန်း-၁၁၈၀၀)

ဗီဇပါသော...

# မိန်းမလှတစ်ယောက်

## အကြောင်း




☆ ဇော်ဝင်း
မြတ်မွန်
ခင်မော်တွင်
ပါဝင်သည်

ဒါရိုက်တာ...
ဦးတင်ယု
အထူးကူညီသည်



ကျွန်တော်နှင့် ညီညီ ခင်ဇော်တွင် တို့သည်…
တမိတဖ ထည်းမှ မွေးခြင်း အရင်း အခြာပင်
သည်ဖြစ်မှုသာ ရှိခဲ့သည်….။

ကျွန်တော်က … အင်ဂျင်နီယာဘွဲ့ ရပြီး … 
ဒုပင်တာဝန်ထမ်းနေခဲ့ရသော်လည်း … ညီညီမှာ
ဆရာဝန်ဘွဲ့ရပြီး ကတည်းက … ဖါးအံ ဒုတာဝန်မှူး
ထမ်းဆောင်နေခဲ့ရသည်–။





ဇာတ်ဖေဖေသည် … ကျွန်တော့်ဆီတလှည့် … ညီညီ
ဆီတလှည့်ဖြင့် – အေးချမ်းစွာ နေရင်းက – ဖါး
နှင့် လှိုင်းဘွဲ့ အကြားနှ … ဓါးမြ အတိုက်ခံရပြီး
ဖေဖေ သေဆုံးသွားခဲ့ရကြောင်း … ကြားရ၍
ဖါးအံမှ … ညီညီ့ထံသို့ ရောက်နေခဲ့
ခြင်းဖြစ်သည်–။






...ညီညီ အိမ်လေးက .. သံလွင်မြစ်နှင့် မနီးမဝေး ၌ရှိသည်မို့ သာတောင့်သာယာ ရှိလှသည်....။

ဇွန်လ ကုန်ခါနီးမို့... မိုးကလည်း ရွာရေ ဖြန်သည်...။ လ ပျောက်သော မိုးညမို့လည်း.... မှောင်အတိ ကျနေ၏...

လျှပ်စီး ဝင်းလက်မှသာ... တချက်တ ချက်... ပါတ်ဝန်းကျင်ကို... အသိမက် မက်နိုင်ခဲ့ သည်....။




သံလွင်မြစ်မှ...ရေအလျှင်...လှိုင်းတံပိုးများက၊ လည်း...တဒိုးဒိုး...တဒိုင်းဒိုင်း ဖြင့် စိတ်တိုင်းကျ ဆော့ကစားနေကြသည်--။



မိုးလင်းလုလု...ချောင်မြည်နုနုလေးတွင် ကျွန်တော် အိပ်ပျော်မှနိုးခဲ့၏။ ဘာရယ်မဟုတ် စိတ်လှုပ်သဖြင့် ကိုယ်က ခ,ယ ရသည့်အတိုင်း အိမ်နောက်ဘက် သံလွင်မြစ်ဘက်ဆီသို့ ထွက်လာခဲ့မိသည်--။







တတ်သိမျှ ... မှတ်သမျှသော ... ဆေးဝါးတို့ဖြင့် ... သူ့ကို ... ကျွန်တော် ... ပြုစုကုသ ... ယုယပေးခဲ့၏ သူနေကောင်းလာပေပြီ ...






ဉာဏ ... ကျွန်တော့မေးခွန်းမှန်သမျှကို ... ခေါင်းခါပြ၏ ... မဖြေလိုသည်လောမသိ ။ မဖြေတတ်၍လောမသိ ... ။ မည်သို့ဆိုစေ ... ချစ်စဖွယ်သော မိန်းမချောလေးမို့ ... ကျွန်တော်ကဖြင့် ... မိုးပေါ်က ... ကျ, လာသည်ပင် ... ထင်နေခဲ့သည် ... ။

'မဿိဒ္ဓာ ... မဿိဒ္ဓာ'

ကျွန်တော် ... မှည့်ခေါ်သော ... နံမည်ကပင် ... ကျွန်တော်၏မေတ္တာကို ... ဖော်လှစ် ... ဟစ်ကြွေးထားခြင်းမျိုး ......



ဖြောက်ဖြေ့၏ .. အားငယ်နေသော .. ကျွန်တော်၏
ဝန်းကျင်၌ 'အပေါ်' ဟူသော .. မိန်းမချော
လေးတယောက် .. ကောက်ရလာပြန်တော့လည်း
ကျွန်တော်တဦး .. အပျော်ကြီးရပြန်သေးသည်






ချစ်ပါသည်မမည်ဖော်သော်လည်း မျက်နှာတွေ့သိ
၍ .. ဂရုဏာဖွဲ့ချီထားသော .. ဝေဟာရများ
ကို .. အဖန်တလဲလဲ .. မပြောဘဲ .. မပြောနိုင်အောင်
ကျနော် .. မသဲအုကို .. ဖော်ဆိုခဲ့ပါသည် ။

မသဲအုကမလျှပ် .. ပြုံးပြုံးလေးနှင့်သာ
ခွက်ဆိတ်နေခဲ့ရှာသည်။ မသဲအု စကားမဆို
တိုင်းလည်း ကျွန်တော့်မှာ စိတ်တိုင်းမကျ
ဖြစ်ရသည် ။



ကျွန်တော်...တချက်ညို့လျှင်တော့... မိန်းမပျို့ ကမနေတတ်... ခွန်းတုံ့... ခွန်းလှယ်... စကားလုံးတွေ ကြွယ်လာဖြန်သည်...။ စိတ်ရှိ... လက်ရှိ... ခွန်းလှစ်ရဲ့သော.. ချစ်လိုက်ခြင်းပေါ့...။

ဆင်ခြင်ရမည့်တံခါး.. ပေါက်ကျွား ပါးမ ဖို့ စိတ်ကိုကြိုးခဲ့ရပြန်ပေါ့...။







အဲသည်ညတွင်း..မိုးတွေက.. ထပျှာလာသည် လေတွေက...မွှေနှောက်လာသည်။ လျှပ်နွယ် လျှပ်ချက်တို့က... တလက်လက် ဖြိုးပျက်ပါ၏



သံလွင်ပေါ်ရေလှိုင်းတံပိုး သံနှင့် မိုးကြိုးသံကို ကလည်း... သူနိုင် ကိုယ်နိုင်.. အပြိုင်ရောယှက် ကြသည်မို့.. လောကကြီးတခုလုံး...အုန်းအုန်း ကြွက်ကြွက်ညံနေပြန်သည်-



အိမ်အောက်ဖက်တံခါးသည်…လေရူးနှင့်မှုန်…
နေသည်မို့…တဒိုင်းဒိုင်း…ဆူညံနေ၏…။ကျွန်
တော် အိပ်ယာမှ… တရေးနိုးခဲ့သည်–။



ထိုတရေးနိုးခြင်းကာပင်…ကြမ္ဘာဖြိုဟ်ဆိုး
အတွက်…တမိုးလင်းခြင်း
မည်နေသည်ထင်၏–။
မသဲအု အခန်းထဲ၌…
မသဲအု မရှိတော့…။





ကျွန်တော့အသံသည်… စကြာဝဠာတံတိုင်းသို့
ပင်…သွိုင်းပြက်ခွပ်သွားမည်ထင်၏၊ ကျွဲရှေ့
ကျိမှု… ကျယ်လောင်လှပါ၏… မသဲအုသည်
မြင့်ကြားမည်မထင်…. အရိပ်ပင်မတွေ့……။






ညကလဲ...ငိုဖြောင်တယ်.. မိုးကလဲ...ငိုသံထယ်
မသဲအုရယ်.....။ ကိုယ်ခေါ်သော်လဲ မကြား.....
ကိုယ်ရှာသော်လဲ...မတွေ့.....။ ဘယ်ကိုပြေး
သလဲ...ဆေးမြီးကွယ်.....။

မိုးနဲ့လာတဲ့ မသဲအု..... မိုးနဲ့အတူဘဲ..
ထွက်ပြေးသွားပြန်တယ်...။

မသဲအုတပေါက်...ကိုယ့်အသဲကို
ဖေါက်..မွှေအောက်လို့များ.... ပြေး
သေသလား...?....



ယခုတော့...မသဲအု...မရှိတော့ပြီမို့....
ကျွန်တော့ရင်မှာ... ကြင်နာရာ... မြတ်နိုးရာ
ကိုးကွယ်ရာ.... အားထားရာ တို့....
• ကွယ်ပြီ.... ပျောက်ပြီ..... ပြိုပျက်ပြီ.....



မည်သို့ဆိုစေ... အံ့ကြိတ်တင်းတင်း... မာန်မြင်းဖြင်းနှင့်... မသဲအုကို... အရအမိ... မွေ့ရှာကြည့်ခဲ့၏... ။ သစ်ပင်မဟုတ်... သစ်ငုတ်မမည်...... ကျွန်တော်သည်ကား..... လေဒါဏ်.... လှိုင်းဒါဏ်..... မိုးသဲဒါဏ်ကြောင့်....... မြေမှာ... ခွေကာ... ဘုံးဘုံး ကျရပါပြီ... သစ်ပင်လုံးလုံးမရ... ။





အံ့ဩရတော့.... ရန်ကုန်မြို့သို့ ကျွန်တော်... ရောက်နေပြီ... ။ ထိုညက... အာဇာမော်ကွန်းရ... အလျှားကြီးသဖြင့်.... ပါးအံ့မှ - ရန်ကုန်သို့... ညီညီက... ပြေးရောက်လာသဖြင့်.....

လေယာဉ်ဖြင့်... အမြန်ဖြင့်ပို့ခဲ့ရကြောင်း နောက်မှသိရသည်... ။ မသဲအုနှင့်တော့ လွဲခဲ့ဖြင့်ပါချေသည် - ။



ခုံနှင့်ည... ပလူး၍... လမျှားပင်ကူးခဲ့ပါပြီ.....။


တက္ကသိုလ် ဝန်းကျင်တွင်... တကိုယ်တည်းထည်း နေသော... ကျွန်တော့်အဘို့ကား.....။ တက္ကသိုလ် ပရဝိုဏ်းနှ်... ညနေတိုင်း... လမ်းလျှောက်နေ ရှိ၏.....။






တက္ကသိုလ် ဥယျာဉ်... မှ... အလှ ထွန်းပေါ်စေတွဲ တံပုံတပင်ကြီး... တွေ့ရပြားစေသော်လည်း..... မသဲအုကို... မှီမည်မထင်..... ဘယ်မိန်းမချော ကိုမှ.... ကျွန်တော် စွဲလန်းမှု..... တမ်းတမမြင် မယုံလျှင်ဖြစ်၍လည်း... ပုံဖြင့်မဟုတ်... အသဲကို ထုတ်၍ပြခဲ့ပါသည်... မသဲအု.....။








ကျွန်တော်... ညီညီ့ အိမ်သို့ အဝင်၌... ဂိတ်ဝယ်
ဒိုက်ကာရှဲ... ဖြစ်သွားခဲ့ရသည်....။
ညီညီ့ ဝန်းကျင်ဝယ်.... တခါက.. ကျွန်တော့
မသဲအုကို.... တွေ့ရခြင်း ကြောင့်သာ တကား။



အော် ... မယ်သဲအိ ... မသဲအိ ..... ကျွန်တော်ကိုဖွင့် ...
သူမမှတ်မိလေခြင်း .....။ ကျွန်တော် ကဖြင့် အံ့သြ
ဝယ်စွဲထား ... ခဲ့လေပြီဆို ..... မေးရဲဖြစ်လျှင် ... ဖဲ
ဆိုက်မြင်ပါသေးဗျ .....

'အသဲသား ... မဖူးလေး ... မသဲအိ .....
မဟုတ်ပါလား' ရယ်သိုသာပေါ့ .....။





ကျွန်တော့်အတွက် ..... ထိုဥသဒ်က ... ဦးရှိသံသာက
ရှင်္ဂနေသည်ဟု ... တင်ရှုံး။ အတိတ်ရေဖြင်ဝယ် ..
ခူး ရုံ ပြုပ်သည်လည်းမဟုတ် .....။ လုံးလုံး ပေါ်သည်
လည်းမဟုတ် .....။


ညီရင်း ... ကန်ရင်း ... လှုပ်ရှားရင်းဖြင့် ... ကျွဲ ...
ရေဖြင်ဝယ် ..... ချစ်မွှန်းနေခဲ့ရပြီ .....။




တနံက်လင်းသော်... ညီတော်မောင်နှင့် မိန်းမလှ..
ကျွန်တော့ရှေ့.. ဘွားခနဲ ရပ်ပြီး....
ဟော... ကိုကို အိပ်ယာက.. နိုး နေပြီ.... စားဖို့သောက်ဖို့လေ ပြင်ဆင်ထား... မြတ်ကူ...
ဟုတ်ကဲ့




ဟော့... ညီညီ... ညီညီ့ကိစ္စက.. ဆိုင်းသံမကြား.. မုံ့သံမကြားဘဲ.. မျိုးစားကြီး... ဘယ်လို... ဘယ်လို စွံပုံများလဲဟ...
ဒီလို... ကိုကိုရေ... ဒီလို.. ဒီလို..


မိုးတွေ…ရွာနေတဲ့…မိုးကွည…တည
မှာ…ညိုညိုလဲ…ပျင်းပျင်းရှိတာနဲ့…
ကားလေးကို…တကိုယ်ထဲမောင်းပြီး
ထွက်လာခဲ့ပါတယ်….။
အဲဒီမှာ…. မိန်းခလေးကို…
စ,တွေ့တာပါဘဲ………






ဘယ်ကို…သွား မလို့လဲ…မိန်းခလေး တယောက်ထဲ…
အကို့ကိုတွေ့ လို့…အကို့ဆီကို ဘဲ…လာခဲ့တာ ပေါ့ရှင်…



သူ့အတိတ်ကို...ဘာမှမေးလို့မရဘူး....၊ အရိပ်မရှိတဲ့သူ့ဘဝ.....ညီညီ့ဆီမှာ...သောင်တင်ခဲ့ရတယ်...ဆိုပါတော့ ကိုကို....

အမှန်တော့...မြတ်ဟာ...ယဉ်ယဉ်လေးနဲ့ ရုံးနေတဲ့... ဓါတ္တ ဝေဒနာရှင်လေးပေါ့ကိုကို... သနားစရာ...ကောင်းနေပါတယ်...၊


သူ့ဆွေမျိုး...သူ့အသိုင်းအဝန်းကို... သတင်းစာက...ကြော်ငြာဖို့...ညီညီဆက်သွယ် ကြည့်ပါတယ်...မရခဲ့ပါဘူး......။





မြတ်'ဆိုတာလဲ....ညီညီကဘဲ....ပေးခဲ့တဲ့နာမည် ပါကွဲ့....သူလေးဟာ...တေးဂီတကို မြတ်နိုးပုံ ရတယ်.... ညီညီအားတဲ့...အခါတိုင်း...မြတ်ကို တေးဂီတနဲ့....ဖြေဖျော်တယ်......




အဲဒီလို... ဖြေဖျော်ရင်း...
ညီညီ့တေးဂီတရေယာဉ်ထဲ
နစ်မျောပြီး... အိပ်မောကျ
သွားတတ်တယ်......
အကြိမ်ကြိမ်ပါဘဲလေ...


အဲဒီအခါမျိုးမှာ... သနားစရာကောင်းသလို–
ချစ်စရာကောင်းတယ်... ကိုကိုရယ်...
အဲဒီကစ... ညီညီသူ့ကိုချစ်တတ်လာရ–
တယ်ဆိုပါတော့......

သူ့စိတ်တွေ... ငြိမ်သက်ပြီး
ချမ်းနေတဲ့ အခါတိုင်းမှာ....
သူ့အတိတ်ရဲ့ တစွန်းတစကို
ညိုညိုပေါ်ထွက်ကြည့်ခဲ့တယ်.

အတိအကျ...ရေရေကျကျ...မရပေမဲ့... သူ့မှာမိဘ
မရှိတာရယ်....ငွေကြေးချမ်းသာလို့... သူ့ကို
ခေါင်းကောက်နေတဲ့... ဦးလေးက... မတရား....
ငွေကိုလှည့်ဖျားယူပြီး.... သူ့ကိုနှိပ်စက်ကြ





မြတ်ဟာ... သွေးပျက်ပြီး... ညိုလိုမိတ္တာ..
ဝေဒနာသည်လေး.... ဖြစ်လာ၍... တွေ့ပေါ့
ဆိုကို... သူ့ဆီက... တစစီသိလာခဲ့ရ...
တာဘဲပေါ့....




ကြောက်တယ်အကို... သူတို့က...
ညီမကို သတ်ကြမှာ... ညီမ ဘယ်မှ
မသွားပါရစေနဲ့... အကို... အကို့...
ဆီမှာဘဲ... တသက်လုံး... နေပါရ
စေရှင်... နော် အကို... နော်...





ဒါဒီလို... သူစွတ်တရွတ်... တွယ်ကပ်
မှုလေးတွေနဲ့ဘဲ... ညီညီလဲ... သံယော
ဇဉ်... အမြှင့်တန်းပြီး... ချစ်ခဲ့ရတာပါ
ဘဲ... ကိုကို... "ချစ်ခဲ့ရတာပါဘဲ...



ဈိတ်လမ်းကတော့... ကျွင်ဖြိုးပါဖြိုဆိုပါတော့ ကိုကိုရေ့... ဘုံ့နိ့... ပျင်းများ... သွားဖြိုသား..
မပျင်းပါဘူး... ညီညီရာ... သနား... စာကောင်းတို့ မျိုးခဲလေးပါး ဘဲကွာ......
၄၉


ညီညီနှင့်မြတ်ဝင့်လက်ထပ်ဖြီး...နောက်တ ရက်တွင်... ကျွန်တော်ရန်ကုန်သို့...ပြန်လာ ခဲ့ပါသည်။
အလုပ်ကျေးတွေကလည်းများမို့... ကျွန်တော်... မအားနိုင်ခဲ့ပါ....။
၅၀

…နဲ့ကြာမည်ထင်၏-
ညီညီတယောက်.....ကျွန်တော့ထံသို့ရောက်
လာသည်။ လူမရွှင်... စိတ်မလန်းမို့.....
ပန်းလေးတပွင့်လို... ညှိုးနေရှာသည်..။















"နောက်တော့... သူတို့မြတ်ကို... နှိပ်စက်ကြ
ညှင်းပန်းကြချဲ့... မို့... ညီညီမြင်ရထားတဲ့... သူ့
မိတ္တူဇ... ဝေဒနာတွေဟာ... ပေါက်ကွဲ ပျက်စီး
ကုန်ပြီလေ....







အော်… မသဲနု… မသဲနု…
အဖြစ်ရယ်… ဆိုးလှပါလား…
မသဲနုရယ်…



ယခုတော့… မြတ်လည်းမဟုတ်… မသဲနု
လည်းမဟုတ်တော့ ရှာရသော… မိန်းမလှလေး
ကား… ကြမ်းတမ်းသော… ခရီးလမ်းပေါ်ဝယ်
ခေါ်သော်မထူး… မေးသော်မရ… အလှ
တွေပျောက်.. ဘဝမှာမြေအောက်ခဲ့သော
စိတ္တဇရောဂါ ခရီးသည်မလေးသာ… ဖြစ်
ရှာလေပြီကော………"

ဘဝကို ဝိုဖစေခြင်ပါမှ... မသဲအု...
ခရီးကို... ဆုံးစေခြင်ပါမှ... မသဲအု...

မသဲအုကိုဖွင့်သသွားလှပါသည်....ပင်ပမ်း
နွမ်းနယ်မှာဖွင့်... ဖိုးလှပါသည်...။ ဝင့်ကြွေးဆို
လျှင်လည်း..... ပြေစေချင်ပါမှ...။ ပြေပါစေတော
တော့ပါစေတော့....."

မသဲအုလို... ဥဳမယ်မှား...ချမ်းသိ
ကြပါစေ...

